သို့

ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ( ၁၄ ) ရက်၊

အကြောင်းအရာ ။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ တရားစီရင်ရေးမူများနှင့် သက်သေခံဥပဒေအား ပြောင်းပြန်တင်းတင်းချိုးဖောက်၍ တရားမျှတမှုကင်းမဲ့စွာ တရားစီရင်နေသော ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီး ဦးခင်မောင်အား အရေးယူပေးပါရန် နှင့် လွတ်လပ်မျှတသော ပြည်သူ့ရှေ့မှောက် တရားစီရင်ပေးပါရန်။

ဒေါက်တာထက်ဝေအောင် မှ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၁။ ကျွန်တော်၏ အသင်ကိုယ်ပြစ်သူ ကိုမြို့ဝေအောင်အား ပြစ်မှုကြီးအမှတ် - ၁၀၂/၁၀၊ ၁၀၃/၁၀၊ ၁၀၄/၁၀၊ ၁၀၅/၁၀ အမှု ၄ မှု ( ပုဒ်မ- ဖောက်ခွဲ ၃/၆၊ ၃၀၂ ၃၂၆ ၁၁၄၊ ၁၂၀(ခ)၊ ၁၃ (၁) ) ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီးမှ ရန်ကုန်အင်းစိန်ထောင်အထူးတရားရုံးတွင် တရားစီရင်အမှုစစ်ဆေးလျက်ရှိပါသည်။ ယခင်ခရိုင်တရားသူကြီး ဦးကိုကိုဦး ပြောင်း သွားပြီးနောက် ဒေါ်တင်မြ၊ မှန်နောက် ယခုလက်ရှိ ဦးခင်မောင်မှ အမှုအား စစ်ဆေးလျက်ရှိပါသည်။

၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်သူ့ရှေ့မှောက် တရားစီရင်ရေး၊ ခုခံချေပခွင့်အပြည့်အဝရှိရေး နှင့် လွတ်လပ်စွာ တရားစီရင်ရေးအား တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအဖြစ် အတိအလင်းပြဋ္ဌာန်းထားသော်လည်း မြောက်ပိုင်းခရိုင်တရားသူကြီး အဆက်ဆက်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ တရားစီရင်ရေးဆိုင်ရာမူများအား တရားမဲ့စွာ လိုက်နာဆောင်ရွက်ခြင်းမရှိကြပါ။

၃။ ဥပဒေအရ တားမြစ်ချက်မှတပါး ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရန် ပြဋ္ဌာန်းထားသော်လည်း ပြည်သူ့ရှေ့မှောက်မဆိုထားနှင့် မိသားစုပင် ဝင်ခွင့်မရှိသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။ ကိုမြို့ဝေအောင်တွက်မြေမည်စိုး၏ မိသားစုအား ရုံးတွင်း ဝင်ရောက်နားထောင်ခွင့်မပေးခြင်းသည် လုံခြုံရေးအကြောင်းပြချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားလိုရှေ့သတင်းထောက်ဖွဲ့မှ မိသားစုအားတားမြစ်ခြင်းဖြစ်ကြောင်း အကြောင်းပြချက်မှာ အလွန်ယုတ္တိမတန်ပါ။ တရားလိုက မဟုတ်ရားတားဆီးထားခြင်းသာလျှင်ဖြစ်ပါသည်။ သက်သေများအားစစ်ဆေးချိန်တွင် ကိုမြို့ဝေအောင်၏မိခင်ကို တရားရုံးအဝေးတွင်နေခိုင်းပြီး ထမင်းစားနားချိန်တွင်သာ ကိုမြို့ဝေအောင်နှင့်ကပ်ချော် ထမင်းကျွေးခွင့်ပြုခြင်းမှာ ထိုလုံခြုံရေးအကြောင်းပြချက်သည် အလွန်ယုတ္တိကင်းမဲ့သော ဟာသတစ်ခုသာဖြစ်ကြောင်း ထင်ရှားနိုင်သည်ဟုယူဆပါသည်။ တစ်နိုင်ငံလုံးသို့ သတင်းစာ

ရှင်းလင်းပွဲပြုလုပ်၍ လူသိရှင်ကြားပြုလုပ်ထားနိုင်ပါလျက်နှင့် အမှုအား တံခါးပိတ်လူမသိ သူမသိစစ်နေခြင်းမှာ အလွန်ရယ်ရွှင်ဖွယ်ကောင်းသောလုပ်ရပ်ဖြစ်ပါသည်။ အမှန်တကယ်သက်သေခိုင်လုံပါက သတင်းထောက်များပင် ဝင်ခွင့်ပြုပြီး၊ စစ်ဆေးသင့်ပါသည်။ ၄င်းတရားလို ရဲသတင်းတပ်ဖွဲ့၏ ယုတ္တိမတန်သောအကြောင်းပြချက်ဖြင့် မိသားစုအား တရားရုံးသို့ ဝင်ခွင့်မပြုခြင်းကို အမှုစစ်တရားသူကြီးက မည်သို့မျှ ဝင်ရောက်ဆောင်ရွက်ပေးခြင်းမရှိခြင်းမှာ တရားမျှတမှုကင်းမဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအား မလေးစားခြင်း အတိအလင်းချိုးဖောက်ခြင်းဖြစ်ပါသည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခုခံခိုင်ခွင့်ပေးထားပါလျက် တရားလိုမှ အမှုတွဲတွင် တင်သွင်းနှင့်ရသောရဲစွဲချက်များနှင့် ပူးတွဲပါသောစာရွက်စာတမ်းများကို စွပ်စွဲခံရသူဘက်မှ မိတ္တူကူးယူကြည့်ရှုခွင့်မပေးခြင်းမှာလည်း၊ အလွန်ဆိုးဝါးပါသည်။ ထို့ပြင် ရဲချုပ်သည် မည်သည့်ဥပဒေနှင့်မျှ စွပ်စွဲခံရသူအား တရားစီရင်မှုအရင် တရားခံ၊ အကြမ်းဖက်သမားအဖြစ် သတ်မှတ်ခွင့်မရှိပါလျက် ၄င်းရဲချုပ်က တရားသူကြီးမဆုံးဖြတ်မှီ အလျင်ကြိုတင်၍ အမိန့်ချထားသော သတင်းစာရှင်းလင်းပွဲပါ သတင်းစာအား အမှုတွဲတွင် တရားလိုကြီးက တင်သွင်းခွင့်ပြုခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခုခံချေပခွင့်အား ပျက်ရယ်ပြုသလိုဖြစ်နေပါသည်။ အထက်ဖော်ပြပါအချက်များအပြင် ထပ်မံ၍ ဆိုးရွားသော မတရားမှုများမှာ -

(က) ကျင့်ထုံးဥပဒေ - ၃၅၀ (ခ) အရ တရားသူကြီး ပြောင်းသွား၍ အမှုအား အစမှပြန်စစ်ရန် တောင်းဆိုစစ်ဆေးခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်ကို ငြင်းပယ်ခြင်း။

(ခ) တရားလို အမှုစစ်ရဲအရာရှိ (ရဲအုပ်သောင်းဝေ) ၏ ရေးဆွဲသောမြေပုံကို ရဲသတင်းတပ်ဖွဲ့မှ ထိန်းချုပ်၍ မည်သူဆွဲမှန်းမသိသော အခြားမြေပုံကို တင်သွင်းသည်ကိုခွင့်ပြုခြင်း။ တရားလို အမှုစစ်ရဲ၏မူလမြေပုံကို တောင်းခံပေးရန် တောင်းဆိုရာတွင် ငြင်းပယ်ခြင်း (သက်သေခံချက်ကို ပျောက်ဖျက်ရာ ရောက်နေပါသည်။ )

(ဂ) အမှုနှင့်သက်ဆိုင်ခြင်းမရှိဘဲ သိမ်းဆည်းထားသော ပုဂ္ဂိုလ်ရေးသုံးပစ္စည်းများကို ပြန်ထုတ်ပေးရန် တောင်းဆိုရာတွင် ယခုအမှုမှာ "တစ်နိုင်ငံလုံး စိတ်ဝင်စားသော အမှုဖြစ်၍ ယခုအဆင့်၌ ပြန်မပေးသင့်ကြောင်း" အံ့ဩဖွယ် အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း၊ (တရားဥပဒေသည် ထိုသို့ ကွာခြားပါသလား ?)

(ဃ) သက်သေခံပစ္စည်းများအား တရားရုံးသို့ ယူဆောင်၍ အမှုစစ်ဆေးတိုင်း ယူဆောင်လာရမည်ဖြစ်လျက် တရားလိုရဲသတင်းတပ်ဖွဲ့၌သာ ထားရှိခြင်း ; တရားခံနှင့်၄င်း၏သက်သေများထွက်ချက်ကိုကြည့်၍ တချို့သက်သေခံများကို အလွယ်တကူ ပြင်ဆင်နိုင်ခွင့် ရဲသတင်းတပ်ဖွဲ့တွင် ရှိနေခြင်းမှာ တရားမျှတမှုကင်းမဲ့ခြင်းဖြစ်သည်။ )

သည်တို့ဖြစ်ပြီး၊ တရားခံ (စွပ်စွဲခံရသူ) အား နစ်နာစေရာအကြောင်းများဖြစ်ပါသည်။

ဖ။ အဆိုးတကာ့အဆိုးဆုံးမှာ သက်သေခံဥပဒေအား ချိုးဖောက်လျက် တဆင့်ကြားသက်သေခံချက်များ၊ ရဲဌာနအစစ်ခံချက်များကို လက်ခံ၍ အမှုတွဲတွင် မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။ အမှုနှင့်သက်ဆိုင်သော အဖြစ်အပျက်အကြောင်းအရာများကို ထွက်ဆိုခွင့်ရှိသော်လည်း ၎င်းထွက်ဆိုချက်များသည် ကိုယ်တိုင် သိမြင်ကြားသိခဲ့သော အရာများဖြစ်ရမည်ဖြစ်ပြီး တဆင့်ကြား (hear say) သက်သေခံချက်များ ထွက်ဆိုခွင့်မရှိကြောင်း၊ တဆင့်ကြားထွက်ဆိုနိုင်သော အခြေအနေများမှာ ကိုယ်တိုင်ကြားသိခဲ့သူ သက်သေ သေဆုံးခြင်းစသည့် အခြေအနေမျိုးဖြစ်ကြောင်း ဥပဒေအား ဥပဒေရေးရာဆေးပညာအဖြစ် တစ်နှစ်သင်ကြားခဲ့ရသော ကျွန်တော်သိရှိပါလျက် စီရင်ချက်များချမှတ်နေသော ခရိုင်တရားသူကြီးများက သိရှိလိုက်နာမှုမရှိသည်မှာ နိုင်ငံတော်တရားဥပဒေစိုးမိုးရေးအတွက် အလွန်အလွန်ဆိုးရွားသော မတရားမှုများဖြစ်ပါသည်။

ကိုမျိုးဝေအောင်အမှုတွဲဖြစ်နေသည်မှာ ဗုံးပေါက်ကွဲမှုတွင် တရားခံပြေး ၄ ဦးက ကျူးလွန်ပြီး ကိုမျိုးဝေအောင်မှ ပူးပေါင်းပါဝင်သည်ဟု စွပ်စွဲထားရာ ခိုင်လုံသောသက်သေခံချက် တစ်စုံတစ်ရာမရှိဘဲ ကိုမျိုးဝေအောင်၏ ရဲရှေ့တွင် ထိုင်းနိုင်ငံသို့သွားကြောင်း၊ မတရားအသင်းနှင့် ဆက်သွယ်ကြောင်း၊ ဗုံးခွဲရန်ကြံစည်ကြောင်း၊ ဗုံးခွဲမှုတွင် ကူညီကြောင်းပြောဆိုသည်ဟု လိမ်ဆယ်လုပ်ကြံပြောသော တဆင့်ကြား သက်သေခံချက်ရဲဌာနအစစ်ခံချက်များကို တရားလိုရဲသက်သေတစ်ဖွဲ့ ရဲအရာရှိများမှတရားရုံးတွင် လာရောက်ထွက်ဆိုပြီး တရားသူကြီးမှလည်း ရဲရှေ့ထွက်ဆိုချက်ကို "ဥပဒေနှင့်အညီ စစ်ဆေးပြီး အသုံးမပြုလိုက ဖယ်ရှားရန် ဖြစ်သည်" ဟု အမိန့်ချမှတ်၍ လက်ခံနေခြင်းမှာ အလွန်အလွန် ဆိုးရွားသော သက်သေခံဥပဒေ အား ချိုးဖောက်ခြင်းဖြစ်သည်။ (တဆင့်ကြားသက်သေခံချက်များ hear say evidence များကို ရာဇဝတ်မှုများတွင် တရားရုံးက အသုံးပြုလိုလျှင် အသုံးပြုနိုင်သည်ဟုအမိန့်ချမှတ်ခြင်းမှာ သက်သေခံဥပဒေအား မျက်ကွယ်ပြုသလို ဖြစ်နေပါသည်။)

တရားမဝင် အသင်းနှင့် ဆက်သွယ်ကြောင်း၊ သတင်းပေးမှု အတည်ပြုပေးကြောင်း၊ ၎င်း၏အမည်ဖော်ပြခွင့်မရှိကြောင်း၊ သက်သေခံပစ္စည်းများအား သေချာစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးသည့် အထက်အရာရှိ အမည်ဖော်ပြခွင့်မရှိကြောင်း၊ အထက်အရာရှိအား သတင်းပို့ခဲ့ကြောင်း၊ ၎င်း၏အမည်ဖော်ပြခွင့် မရှိကြောင်း၊ စသည့် သက်သေခံဥပဒေအရ သက်သေခံအဖြစ် ယုံကြည်လက်ခံရန် မည်သို့မျှ မဖြစ်နိုင်သော သက်သေခံချက်များ၊ ကိုမျိုးဝေအောင်ပြောပါသည်ဟု လိမ်ဆယ်ထားသော ရဲရှေ့တဆင့်ကြား သက်သေခံချက်များဖြင့်၎င်း၊ ပုဒ်မ (၃) ဖောင်တောင်ရှိသော တိုင်ကြားသူလက်မှတ်မပါ မှတ်ပုံတင်မပါ စည်တာရင်း ကိုင်ကြားစာများ၊ မိတ္တူများနှင့် ရဲချုပ်ပြောပါသည်ဆိုသော ဒုရဲမှူးဝင်းမောင်၏တဆင့်ကြား သက်သေခံ

ချက်များ၊ အခင်းဖြစ်ချိန် အလုပ်ခွင်အတွေ့ရှိသူများအား အလုပ်ခွင်၌ ကိုမြိုးဝေအောင်၊ ၄င်းအချိန်တွင် မရှိကြောင်း ကြိုတင်တွက်ချက်များဖြင့် အပြစ်မရှိသူ နိုင်ငံသားတစ်ယောက်အား သေဒဏ်၊ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်များပေးရန် ဝိုင်းဝန်းကြံစည်နေကြခြင်းမှာ အလွန်အလွန်စိုးရိမ်ဖွယ်ရာကောင်းသော မတရားမှု၊ လူသားမျိုးနွယ်တည်မှုအား ဖြစ်မြောက်သည့် ရာဇဝတ်မှုများ၊ (Crimes against Humanity) ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တရားဥပဒေစိုးမိုးမှုအား အဓိကတာဝန်ရှိပါသော တရားလွှတ်တော်ချုပ် အနေဖြင့် တရားမျှတမှုကင်းမဲ့စွာ တရားစီရင်နေသော ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီး ဦးခင်မောင်အား အရေးယူပေးပါရန်နှင့် တရားမျှတသော ပြည်သူ့ရှေ့မှောက် တရားစီရင်မှု ပြုလုပ်ပေးပါရန် တင်ပြတောင်းဆိုအပ်ပါသည်။

လေးစားစွာဖြင့်

ဒေါက်တာထက်ဝေအောင်
( ကိုမြိုးဝေအောင်၏ ညီ )
အမှတ် - ရှ A ၊ (၄-လွှာ)၊ သီတာလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း - ၀၅၅၀၄၀၅၂၄

**မူးတွဲပါတာများ**

၁။ နိုင်ငံတော်သမ္မတကြီးထံမိမိနှင့်ပူးပေါင်းသော (၁-၄-၂၀၁၁) နေ့စွဲပါ ကြော်ငြာသတင်းစာ၊ တမျက်နှာ (၁၊ ၃)
၂။ (၈-၆-၁၁) နေ့စွဲပါ ပြည်ထောင်စုတရားသူကြီးချုပ်သို့ လိပ်မူထားသော စာ။
၃။ မြောက်ပိုင်းခရိုင်တရားသူကြီး ဦးခင်မောင်မှ ချမှတ်ထားသော အမိန့်များ။

**မိတ္တူကို**

၁။ သမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရုံးအမှတ် (၁၈)၊ နေပြည်တော်၊
၂။ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်၊
၃။ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်။
၄။ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်။
၅။ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်၊
၆။ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်။
၇။ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး၊ ရန်ကုန်မြို့။

၈။ တရားလွှတ်တော်ချုပ်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ရန်ကုန်မြို့

၉။ ဦးခင်မောင်၊ မြောက်ပိုင်းခရိုင်တရားသူကြီး၊ မြောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်မြို့

၁၀။ ဒေါက်တာမြတ်ဉာဏစိုး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

၁၁။ ဒေါက်တာအေးမောင်၊ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ

၁၂။ ဒေါက်တာညီညီသင်း၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)

၁၃။ ဦးသိန်းဆွေ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

၁၄။ Ms Navannethem Pillay ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး။

၁၅။ Mr Tomas Ojea Quintana မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်။

၁၆။ Ms Gabrieal KNAUL လွတ်လပ်သော တရားသူကြီးများနှင့် ရှေ့နေများဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်။

၁၇။ OHCHR ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအဖွဲ့ ဘန်ကောက်။

၁၈။ လက်ခံ၊

သို့

၁။ ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်

၂။ တိုင်းဒေသကြီးတရားလွှတ်တော်ချုပ်
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ရက်စွဲ၊ ၂၀၀၀ ခုနှစ်၊ ဇွန်လ ( ၈ ) ရက်။

အကြောင်းအရာ ။ ။ <u>၂၀၁၀ ခုနှစ်၊ X,၀ သင်္ကြန်မဏ္ဍပ် ဗုံးပေါက်ကွဲမှုဖြင့် စွပ်စွဲဖမ်းဆီးခံ နေရသော ကိုမြို့ဝေအောင်၏ အမှုအား သတင်းစာရှင်းလင်းပွဲအား အတည်ပြုပေးခဲ့သတ်သက် တရားမျှတမှု အလွန်ကင်းမဲ့စွာစစ်ဆေးနေမှု အား တရားစီရင်ရေးအာဏာမှ ထိန်းကျောင်းပြုပြင်ပေးပါရန်နှင့် တရား မျှတသော ပြည်သူ့ရှေ့မှောက်တရားစီရင်မှုဖြင့် အမှုအား အမှန်ပြန်လည် စစ်ဆေးပေးပါရန်။</u>

<u>ဒေါက်တာထက်ဝေအောင်</u> မှ အောက်ပါအတိုင်း တင်ပြ အပ်ပါသည်။

၁။ ကျွန်တော့်အစ်ကို ကိုမြို့ဝေအောင်အား ၂၀၁၀ ခုနှစ် ဧပြီလ (၂၂) ရက်နေ့တွင် ဖမ်း ဆီး၍ အောင်သပြေရဲကွက်စစ်ကြောရေးစခန်းတွင် ပတ်ရာညွှန်ပြန်မှုမိတ်၍ ကြိုတင်ဖြောင့်ချက် ရယူကာ တရားစီရင်ဆိုးမြင်မှု အရပြဲကိုတင်၍ "တရားခံအကြမ်းဖမ်းသမား" အသည်ဖြင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ်၍ အမှုကို စစ်ဆေးနေသည်မှာ တစ်နှစ်ကျော်ရှိပြီဖြစ်ပါသည်။

၂။ အမှုစတင်စစ်ဆေးသည့် ယနေ့အချိန်ထိ စဉ်ဆက်မပြတ် တွေ့ကြုံခဲ့ရ တွေ့ကြုံခံစား နေရသော မတရားမှုများမှာ

(က) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်သူ့ရှေ့မှောက်စစ်ဆေးရန် တရားစီရင်ရေးဆိုင်ရာမူအဖြစ် သတ်မှတ်ထားသော်လည်း ယခင်မြောက်ပိုင်းခရိုင်တရားသူကြီး ဦးကိုကိုဦး၊ ဦးကိုကိုဦး၊ တာဝန်ပြောင်းရွှေ့ချိန်တွင် စစ်ဆေးသော ဒေါ်တင်မြ၊ ယခုခရိုင်တရားသူကြီးဦးခင်မောင် ဝသည့် တရားသူကြီးအဆက်ဆက်မှ မိသားစုဝင်ခွင့်မပေးဘဲ တံခါးပိတ် တရားမျှတမှု ကင်းမဲ့စွာ၊ ပွင့်လင်းမြင်သာမှု ကင်းမဲ့စွာ စစ်ဆေးခြင်း။

(ခ) ယခင် တရားသူကြီးသည် အမှုစစ်ဆေးစဉ် အမှုနှင့်မဆိုင်သော စကားများမြှက်ရယ်ပြု ပြောခြင်း၊ ကိုမြို့ဝေအောင်၏ ဘာသာရေးအား မြှက်ရယ်ပြုခြင်း။

(ဂ) ယခင် တရားသူကြီး ဦးကိုကိုဦးသည် အမှုနှင့်သက်ဆိုင်သော အမှုတွဲပါ စာရွက်စာတမ်းများကို (နှစ်ပိုင်ခွင့်ကိုထိပါးစွာ) မိတ္တူကူးယူခွင့်ပြုခြင်းမပေးခြင်း၊ ယခုတရားသူကြီးဦးခင်မောင်မှလည်း သက်သေခံအဖြစ် တင်သွင်းထားသော အချို့သော စာရွက်စာတမ်းများကို မိတ္တူကူးယူရာတွင် မိတ္တူကူးခွင့် မပေးဘဲ ဆက်လက်ငြင်းဆန်ခြင်း။

(ဃ) ပူးတွဲ တရားခံပြေး (၄) ဦးဟုဆိုသူ (၄) ဦးက ကျူးလွန်ပြီး ကိုမြို့ဝေအောင်မှ ပူးပေါင်းပါဝင်ကြောင်း စွပ်စွဲထားရာ၌ ၎င်းတရားခံပြေး (၄) ဦး ဗုံးပေါက်ကွဲမှု တကယ် လုပ်/မလုပ် ခိုင်လုံသော သက်သေများမရှိ၍ ပြန်လှန်မေးခွန်းများမေးသည်ကို အမှုနှင့် သက်ဆိုင်သော အကြောင်းအရာများဖြစ်လျက် မတရားပိတ်ပင်တားမြစ်၍ မေးခွင့်မပြုခြင်း၊

(င) တရားလိုပြသက်သေများ၏ ထွက်ချက်များမှ သံသယရှိဖွယ်ရာအချက်များကို ပြန်လှန်မေးခွန်း မေးသည်ကို အမှုနှင့်သက်ဆိုင်သော အကြောင်းအရာများဖြစ်သော်လည်း မတရားပိတ်ပင် တားမြစ်ခြင်း၊

(စ) သက်သေခံဥပဒေအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက် လိုပြသက်သေရဲမှူး ဝင်းမောင်၏တဆင့်ကြားသက်သေခံချက်များ၊ ရဲရှေ့အစစ်ခံချက်များကို အမှုတွဲတွင်ထွက်ဆို ခွင့်ပေးခြင်း၊ အမှုတွဲမှ ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင်လည်း တရားမျှတမှု ကင်းမဲ့ စွာ ငြင်းပယ်ခဲ့ခြင်း။

(ဆ) မိသားစုဝင်ခွင့် အမှုတွဲအပြည့်အစုံမိတ္တူကူးယူခွင့် တရားမျှတသော တရားသူကြီး ပြောင်းပေးစေလိုမှု၊ ပြန်လှန်မေးခွန်းမေးခွင့်ပြုစေလိုမှု အမှု (၄) မှုအား ရန်ကုန်တိုင်းတရားရုံးသို့ အယူခံတင်သွင်းရာ အမှု (၄) မှုလုံးအား အကျဉ်းနည်းဖြင့် ပလပ်ခြင်း။

(ဇ) အဆိုပါ (၄) မှု (၃) မှုအား တရားရုံးချုပ် (ရန်ကုန်) မှ လက်ခံကြားနာပြီး တရားမျှတမှုကင်းစွာ ဆက်လက်ငြင်းပယ်ခြင်း။

(ဈ) ယခုတရားသူကြီးဦးခင်မောင်သို့ တရားသူကြီး ပြောင်းသွားရာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ - ၃၅၀ (ခ) အရလည်းကောင်း၊ ယခင်တရားသူကြီး၏ တရားခံအား ထိခိုက် နစ်နာစေသော တရားစီရင်မှုပြုခဲ့၍လည်းကောင်း၊ အမှုအား အစမှပြန်လည်စစ်ဆေးရန် လျှောက်ထားရာ၊ ၎င်းမှ အမှုစစ်ဆေးနေသည်မှာ (၁) နှစ်ကျော်ပြီဖြစ်၍ လွန်စွာနှောင့်နှေးကြန့်ကြာကြောင်း၊ သက်သေများမှ အချိန်ကြာလာ၍ လွဲချော်မှု မေ့လျော့မှုများဖြစ်နိုင်ကြောင်း၊ တရားခံရှေ့နေမှ ပြန်လှန်စစ်မေးရက်များ ပြည့်ပြည့်စုံစုံမေးမြန်းထားကြောင်း စသည်ဖြင့် အကြောင်းပြ၍ တရားမျှတမှုကင်းစွာငြင်းပယ်ခြင်း။

( အမှုများအား စစ်ဆေးရာတွင် မြန်ဆန်မှုထက် တရားမျှတမှုကိုသာ၍အရေးကြီးပါသည်။ ထို့အပြင် ဓာတ်တိုက်ထားသော အကြောင်းအရာမဟုတ်ဘဲ အမှန်တရားဖြစ်ပါက တစ်နှစ်ကြာသည်ဖြစ်စေ၊ (၁၀) နှစ် ကြာသည်ဖြစ်စေ အမှန်တရားသည် အမှန်တရားအတိုင်းပင် ဖြစ်ပါသည်။ ထို့အပြင် မတရားပြောင်နှံချက် ရယူထား၍ ခွဲချက်ကျိန်းသေတင်မည်ဖြစ်၍ ကျွန်တော်တို့ဘက်မှ ပြန်မေးသက်သေကို မေးရန်အတွက် မေးရမည့်မေးခွန်းတစ်ဝက်ခန့် သာ မေးမြန်းရန် တိုင်ပင်ဆုံးဖြတ်ထားပြီး၊ မေးမြန်းထားပြီး မေးသည့်မေးခွန်း တော်တော်များများလည်း မတရားပိတ်ပင်တားမြစ်ခံခဲ့ရပါသည်။ သို့ပါလျက် တရားသူကြီးဦးခင်မောင် မှ ပြည့်ပြည့်စုံစုံမေးမြန်းထားကြောင်း၊ ၎င်းမြင်တွေ့ကြားသိခြင်းမရှိဘဲ တရွက်ပေါ်မှ တမှား ဖြင့် လက်လွှတ်စပယ် ဆုံးဖြတ်ခြင်းမှာ တရားမျှတမှု ကင်းမဲ့ပါသည်။ )

(ည) တရားစီရင်ဆုံးဖြတ်မှု အရင် "တရားခံ၊ အကြမ်းဖက်သမား" စသည်ဖြင့် ကြိုတင်၍ ဥပဒေမဲ့စွာ၊ လူ့အခွင့်အရေးကြေညာစာတမ်းကို ချိုးဖောက်ကာ ပြုလုပ်ထားသော သတင်းစာ ရှင်းလင်းပွဲ၏ သတင်းစာကို အမှုတွဲတွင် တင်သွင်းခွင့်ပြုခြင်း။ ပယ်ဖျက်ပေးပါရန် လျှောက်ထားရာ မတရားငြင်းပယ်၍ ၎င်းသတင်းစာကို အမှုတွဲတွင် သက်သေခံအဖြစ် ဆက်လက် တွဲထားခြင်း။

( ဥပဒေအရ၊ လူ့အခွင့်အရေးကြေညာစာတမ်းအရ နောက်ဆုံးအယူခံတရားရုံး၏ တရားခံ အဖြစ် ဆုံးဖြတ်မှုမတိုင်ခင်အထိ <u>အပြစ်မဲ့သူ</u>ဟု သတ်မှတ်ထားရမည်ဖြစ်ပါလျက်၊ တရားခံ၊ အကြမ်းဖက်သမားစသည်ဖြင့် ကြိုတင်သတ်မှတ်ထားသော၊ ၎င်းရဲ့ချုပ်ကိုယ်တိုင် သိမြင်ကြား သိခြင်းမဟုတ်သော၊ အမှန်တရားဟုတ်/မဟုတ် ပြန်လှန်မေးမြန်းမရနိုင်သော အချက်ပေါင်း များစွာပါ ထိုသတင်းစာကို သက်သေခံအဖြစ် လက်ခံခြင်းမှာ အလွန်အလွန်ဆိုးရွားပြီး တရားမျှတမှု၊ ဥပဒေ၊ အမှန်တရားတို့ကို အလေးမထားဘဲ ရဲချုပ်၏ သတင်းစာရှင်းလင်း ပွဲကို အတည်ပြုပေးရန် သက်သက်ဟန်ပြတရားစီရင်နေသလို ဖြစ်နေပါသည်။ )

စသည့် တရားဥပဒေကင်းမဲ့မှု၊ တရားမျှတမှု ကင်းမဲ့စွာ တရားစီရင်မှုကို ကြုံတွေ့ခဲ့ ကြုံတွေ့ နေရသည်ဖြစ်ပါသည်။

၃။ ထိုသို့ ကိုမြိုးဝေအောင် ကြုံတွေ့ခဲ့ရသော တရားမျှတမှုကင်းသော တရားစီရင်ဆောင်ရွက်မှု၊ ညှဉ်းပန်းနှိပ်စက်စစ်ဆေးမှု၊ ချုပ် နိုင်ခွင့်အပြည့်အဝ မရရှိမှုတို့အား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Mr. Quintana မှ ၂၀၁၀ အထွေထွေညီလာခံသို့ တင်သွင်းသော အစီရင်ခံစာတွင် ဖော်ပြခဲ့သလို၊ မိသားစုမှ အကြိမ်ကြိမ် စာ ရေးသားတောင်းဆိုထားပါလျက် တရားမျှတမှုသည် ကိုမြိုးဝေအောင်အတွက် ပျောက်ကွယ်နေသည်ဖြစ်ပါ သည်။ ၎င်းအား စစ်ဆေးမှုတွင် <u>တရားမျှတမှုအနည်းငယ်ရှိရုံမျှဖြင့်</u> ၎င်းအပေါ် စွပ်စွဲမှုများကို ပယ်ဖျက်နိုင် ပါသည်။

၄။ တရားစီရင်ရေးတွင် တရားမျှတမှုသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပါသည်။ တရားဥပဒေစိုးမိုးမှုအား၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာတို့မှ အပြန် အလှန်ထိန်းကြောင်းနိုင်မှသာ နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကိုမြို့ဝေအောင်၏ အမှုအား တရားမျှတမှုအလွန်ကင်းမဲ့စွာ စစ်ဆေးနေသော တရားစီရင်ရေးအား၊ တရားစီရင်ရေးအာဏာမှ အမြန်ဆုံးပြုပြင်ထိန်းကျောင်းပေးပါရန်နှင့် တရားမျှတသော ပြည်သူ့မျက်မှောက်တရားစီရင်မှုဖြင့် အမှုအား အစမှမျှတစွာ ပြန်လည်စစ်ဆေးပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါသည်။

<u>ပူးတွဲပါ စာများ</u>

၁။ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းသော မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Tomas Ojca Quintana ၏ အစီရင်ခံစာ (စာမျက်နှာ – ၁၂၊ ၁၃၊ ၁၄၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇)

၂။ (၂၂-၄-၁၁) နေ့စွဲပါ နိုင်ငံတော်သမ္မတထံသို့ လိပ်မူထားသော စာ။


<u>ဒေါက်တာထက်ဝေအောင်</u>
( ကိုမြို့ဝေအောင်၏ ညီ )
အမှတ် – ၅၉ A ၊ (၄-လွှာ)၊ သီတာလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း – ၀၉၅၀၄၅၅၂၄


<u>မိတ္တူကို</u>

၁။ သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂။ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၃။ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၄။ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

၆။ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

၇။ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊

၈။ ဒေါက်တာမြတ်ဉာဏစိုး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

၉။ ဒေါက်တာအေးမောင်၊ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ

၁၀။ ဒေါက်တာညိုညိုသင်း၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)

၁၁။ Ms Navannethem Pillay ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး။

၁၂။ Mr Tomas Ojea Quintana မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်။

၁၃။ Ms Gabrieal KNAUL လွတ်လပ်သော တရားသူကြီးများနှင့် ရှေ့နေများဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်။

၁၄။ OHCHR ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးခွဲ ဘန်ကောက်။

၁၅။ အမေရိကန်သံရုံး

၁၆။ ဗြိတိန်သံရုံး

၁၇။ ဩစတြေးလျသံရုံး

၁၈။ ဂျပန်သံရုံး။

၁၉။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ ရန်ကုန်မြို့

၂၀။ အယ်ဒီတာချုပ် Weekly Eleven ဂျာနယ်

၂၁။ အယ်ဒီတာချုပ်၊ The Voice ဂျာနယ်

၂၂။ အယ်ဒီတာချုပ်၊ Hot News ဂျာနယ်

၂၃။ အယ်ဒီတာချုပ်၊ The Yangon Times ဂျာနယ်

၂၄။ အယ်ဒီတာချုပ်၊ News Watch ဂျာနယ်

၂၅။ လက်ခံ